# ၁၉၅၄ ခုနှစ်၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်၊ ''ကုမ္ပဏီ''ဆိုသည်မှာ၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတ မှာ၊ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် ဇေယျဝတီရှိ သကြားလုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့် လွှဲယူရန်အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါနေ့မှစ၍ ကုမ္ပဏီပိုင်သကြားလုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏သကြားလုပ်ငန်းနှင့် သက်ဆိုင်သော လက်ရှိပစ္စည်းအရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏သကြားလုပ်ငန်းနှင့် သက်ဆိုင်သော ရာထမ်း မှုထမ်း အားလုံးသည်၎င်း၊ နိုင်ငံတော်သမတ ၏ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရသည်။

၄။ ။ပုဒ်မ ၃ တွင်ရည်ညွှန်းထားသည့် ရာထမ်း မှုထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ ၏ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတ က၊ မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၃ အရအမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့ တခုကိုခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည်၊ အောက်ပါ ကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့် ပစ္စည်းများ၏အကြောင်းအရာများ၊

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့် တရားမျှတသော အလျော်ကြေးငွေနှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

အဘိုး—၁၀ ပြား]

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့် ပစ္စည်းများ၏မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၊ သို့တည်းမဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သော ကြေးငွေနှင့် ထိုပစ္စည်းများကိုပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို၊ ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်းထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရလျော်ကြေးငွေကိုသတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ၊ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသောအာဏာများရရှိရမည်။

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကိုန်လွှာဖြင့်ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရတရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင် တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတ သည်၊ ထိုအဖွဲ့ဝင်အစားအခြား သူတယောက်ကို ခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင်အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏ မှုခင်းကိစ္စများကိုဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့်စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ၊နိုင်ငံပိုင်ပြုလုပ်သည့်လုပ်ငန်းများကိုဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော် သမ္မတ သည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခုဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှုပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီသဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့်အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရပြုလုပ်သည့်အပြုအမူအတွက်၊ အစိုးရအား၊ မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

ပ၊မ၊ဗ၊စ၊—အမှတ် ၄၁၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၁၁-၅၄—၂,၀၀၀—၂။